# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 21, 2020 Volume 33, Number 14


**၂၁.၇.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၇ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၆၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၉၇/- ကျပ် |
| CBM Rate | = ၁၃၈၈.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၉.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၂.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၄.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၉.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၈၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကိုဗစ်အလွန်စီးပွားရေးပုံစံသစ်အဖြစ် စားနပ်ရိက္ခာထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ် ထူထောင်မည်ဟု ဒေါ်အောင်ဆန်းစုကြည်ပြော



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကိုဗစ်ကာလအလွန်တွင် စီးပွားရေးပုံစံသစ်အဖြစ် စားနပ်ရိက္ခာ ထုတ်လုပ်ရောင်းချသည့်နိုင်ငံအဖြစ်ထူထောင်ရန် ဆန္ဒရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကနေတဆင့် သိရသည်။

ဒေါက်တာသန်းမြင့်က သူ၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင်" မြန်မာနိုင်ငံအနေဖြင့် ရိက္ခာတိုးတက်ထုတ်လုပ်နိုင်ဖို့ သယံဇာတ၊ ရာသီဥတု၊ လူ့စွမ်းအားအရင်းအမြစ်အနေအထားကောင်းမွန်နေသည်။ နိုင်ငံတော်၏ အတိုင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုဗစ်အလွန်ကာလမှာ မြန်မာနိုင်ငံကို နယူးဇီလန်နိုင်ငံ ကဲ့သို့ ရိက္ခာထုတ်လုပ်ရောင်းချသောနိုင်ငံအဖြစ် ထူထောင်လိုကြောင်း ဆန္ဒရှိနေပါသည်။ ဒီရည်ရွယ်ချက်သည် ကျွန်ုပ်တို့နိုင်ငံအတွက် ကိုဗစ်အလွန်ကာလစီးပွားရေးရေရှည်ဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ်မြင်ကြောင်း" ရေးသားထားသည်။

မြန်မာနိုင်ငံသည် ယခင်ကတည်းက ရိက္ခာထုတ်လုပ်သည့် နိုင်ငံဖြစ်သည့်အတွက် စားနပ်ရိက္ခာ ထုတ်လုပ်ရောင်းချသည့်နိုင်ငံအဖြစ် ထူထောင်ရန်ကြွေးကျော်ခဲ့ကြ သည်မှာ ယခင်ကတည်းကဖြစ်သည်ဟု စီးပွားရေးပညာရှင် ခင်မောင်ညို(ဘောဂဗေဒ) က သုံးသပ်သည်။ "အဲ့ကြွေးကြော်သံက အခုမှကြွေးကြော်တာမဟုတ်ဘူး။ ရိက္ခာအိုးကြီးဖြစ်ရမယ်။ အာရှရဲ့စပါးကျီဖြစ်ရမယ်ဆိုပြီး နှစ်ပေါင်းများစွာကတည်းက ကြွေးကြော်လာတာ။ အဲ့တော့ မဖြစ်နိုင်တဲ့ဟာ မဟုတ်ဘူး။ စိန်ခေါ်မှုတွေကရှိနိုင်တာပေါ့။ စိုက်ရေးပျိုးရေးဆိုရင် ရာသီဥတုနဲ့ကိုက်တဲ့ဟာဖြစ်ရမယ်။ ဈေးကွက်က လက်ခံနိုင်တဲ့ဟာဖြစ်ရမယ်။ ကိုယ့်ရဲ့နည်းပညာတွေက မြင့်မားလာရမယ်စသဖြင့် အများကြီးရှိတယ်။ အများကြီးကြိုးစားရမယ်" ဟုဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်သော်လည်း ပြည်ပတင်ပို့ရောင်းချရာတွင် ဈေးကွက်မရသည့် အားနည်းချက်သည် အစိုးရအဆက်ဆက်တွင်ဖြစ်ပေါ်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်လည်းဖြစ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သည့် ဒေါက်တာစိုးထွန်းက ဆိုသည်။ ဒေါက်တာစိုးထွန်းက"ဒီဘက်အစိုးရမှာလည်း ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးရင် အဆင်ပြေတာပေါ့။ ဒုတိယအချက်ကတော့ value added

မလုပ်နိုင်ဘူးပေါ့နော်။ ကုန်ချောတင်ပို့နိုင်ဖို့အတွက် နည်းပညာနဲ့အရင်းအနှီးလိုအပ်တယ်။ အခြေခံအဆောက်အအုံလိုတယ်။ လျှပ်စစ်မီးလိုဟာမျိုး လုံလောက်စွာရဖို့လိုတယ်" ဟုဆိုသည်။ ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က စနစ်တစ်ခုကို တိုးတက်ပြောင်းလဲချင်ပါက လမ်းကြောင်းတစ်ခုကိုပဲ မွမ်းမံလို့မရကြောင်းနှင့် နောက်မှာအတားအဆီးများရှိနေကြောင်း ဆိုသည်။

လယ်ယာကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က တိုးတက်မှုနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ လယ်ယာကဏ္ဍကြီးတွင် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပသို့ တင်ပို့နိုင်ရန်၊ ဈေးကွက်ဝင် အထွက်ကောင်း မျိုးစေ့ အဆင့်ဆင့်ထုတ်လုပ်ရန်၊အဆင့်မြင့်တင်ရန် ငါး၊ ပုစွန်တိုးချဲ့ မွေးမြူနိုင်ရန်တို့ကို မျှော်မှန်းထားကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/71616

## မြန်မာပြည်အထက်ပိုင်း ကညွတ်ဈေးကွက်တည်ငြိမ်နေ



လက်ရှိအနေအထားတွင် ကညွတ်ဈေးကွက် အတက်အကျမရှိ တည်ငြိမ်နေကြောင်း ပြင်ဦးလွင်ရှိ ကညွတ်စိုက်ပျိုးသူများက ပြောသည်။ အခုလပိုင်းမှာတော့ ကညွတ်ဈေးကွက်က အေးအေး ဆေးဆေး အငြိမ်လေးပါပဲ။ ဈေးတအားကြီးမတက်လာပေမယ့် ကညွတ်တွေ ရောင်းလို့မကုန်တာမျိုးတော့မဖြစ်ပါဘူးဟု မန္တလေး တိုင်း၊ ပြင်ဦးလွင်မြို့နယ်၊ အင်သာကျေးရွာမှ စီးပွားဖြစ် ကညွတ်စိုက်ပျိုးသူ မခင်မျိုးသန့်ကပြောသည်။

ကညွတ်ကို မန်းတလေးတိုင်းအတွင်းရှိ မြင်းခြံ၊ တောင်သာ၊ ကျောက်ဆည်၊ ပြင်ဦးလွင်ဒေသများ၊ ဧရာဝတီတိုင်း ဟသ်ာတမြို့၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့၌ စိုက်ပျိုးထုတ်လုပ်နေပြီး၊ ပြင်ဦးလွင်ကညွတ်မှာ တခြားဒေသတွင် စိုက်ပျိုးထုတ်လုပ်သည့် ကညွတ်များနှင့် အရွယ်အစား၊ အရောင်၊ အရသာကွဲပြားမှုရှိပြီး လူကြိုက်များပြားသည်။

တခြားဒေသက ကညွတ်ဈေးတွေနဲ့တော့ မတူနိုင်ပါဘူး။ ပြင်ဦးလွင်ကညွတ်က လူကြိုက်များပါတယ်။ အရွယ်အစားလည်း လှတယ်။ ချိုတယ်။ အရသာပိုရှိပြီး နူးညံ့တယ်။ မြန်မာပြည်အောက်ပိုင်း ကညွတ်တွေက အရသာနည်းနည်းခါးသက်တယ်။ မျိုးကတော့တူတယ်။ ရေမြေ၊ ရာသီဥတုကြောင့် အရသာကွာသွားတာပါ။ အရောင်ကွာခြားတာလေးကတော့ ကြည့်တတ် တဲ့သူဆိုသိပါတယ်။ ပြင်ဦးလွင်ကညွတ်က ဖက်ဖူးစိမ်းရောင်လေးနဲ့ လတ်ဆတ်နေတာဟု မခင်မျိုးသန့်က ဆက်လက် ပြောသည်။

လက်ရှိဈေးကွက်တွင်း ပြင်ဦးလွင်ကညွတ်တစ်ပိဿာလျှင် ဆိုဒ်အကြီး (၅၀၀၀) ကျပ်၊ ဆိုဒ်အလတ် (၄၀၀၀) ကျပ်၊ ဆိုဒ်အသေးဆုံး (၃၀၀၀) ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/stable_price_of_upper_myanmar_asparagus

## တရုတ်က မြန်မာနိုင်ငံမှပို့ကုန်များကို တစ်ဆင့်တိုးမြှင့်တင်သွင်းရန် ကြိုးပမ်းနေဟုဆို



မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေထွက်ကုန်များတစ်ဆင့် တိုးမြှင့် တင်သွင်းရန် ကြိုးပမ်းဆောင်ရွက်နေသည်ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ထုတ်ပြန်သော ဆောင်းပါးတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးကထုတ်ပြန်သည့် ဆောင်းပါးတစ်ပုဒ်အပေါ် တုံ့ပြန်လိုက်သည့် တရုတ်သံရုံးမှပြောရေးဆိုခွင့်ရှိသူ၏ ဆောင်းပါးတွင် ကုန်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။ COVID-19 ကပ်ရောဂါအကြောင်းပြချက်ဖြင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊

လွယ်ဂျယ်တို့မှ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို တင်းကျပ်ထားချိန်တွင် တရုတ်သံရုံးကထုတ်ပြန်သည့် ဆောင်းပါးပါ ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး ထည့်သွင်းဖေ ာ်ပြချက်သည် "ပါးစပ်ကပြောပြီး သူတို့ အကျိုးအမြတ်ကို အသာစီး ရအောင် လုပ်တဲ့သဘောပါ" ဟု ၂၀၀၉ ကစတင်ကာ မြန်မာ-တရုတ်နယ်စပ်တွင် ဆန်၊ ဆန်ကွဲ အပါအဝင် လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရေးလုပ်ငန်း လုပ်ကိုင်နေသူ မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ လူဦးရေ သန်း ၅၀ ကျော်ရှိသော ယူနန်ပြည်နယ်မှ တရုတ်ကုန်သည်များသည် လိုအပ်ချက်အပေါ်အခြေခံပြီး အမြတ်ထုတ်မှုများကို နယ်စပ်ကုန်သွယ်ရေးလုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများအတွက် အခက်အခဲအမြဲကြုံနေရသည်ဟု ၎င်းက ပြောသည်။ လက်ရှိအချိန်တွင်လည်း မြန်မာနိုင်ငံမှ တင်ပို့နေသော ဆန်နှင့်ဆန်ကွဲကို တရုတ်ကုန်သည်များက ဈေးနှိမ်ဝယ်ယူခြင်းကြောင့် ဆန်တစ်အိတ်လျှင် ယွမ် ၁၀၊ ဆန်ကွဲတစ်အိတ်ကို ခုနစ်ယွမ်ခန့် ဈေးလျော့သွားသည်ဟုလည်း ဦးမင်းသိန်းက ပြောသည်။

မြန်မာနိုင်ငံမှ ပို့ကုန်များ တစ်ဆင့်တိုးမြှင့် တင်သွင်းမည့်အစီအစဉ် အကောင်အထည်ဖော်လာနိုင်မည်ဆိုလျှင် မျှတသော ကုန်သွယ်ရေးဖြစ်ရန် မူဆယ်မှကုန်သည်အချို့က လိုလားနေသည်။ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံက အသာစီးရယူမှုများရှိနေသဖြင့် မညီမျှမှုများကိုဖြေရှင်းပေးပြီး လက်ရှိကုန်သွယ်မှုပမာဏကို တိုးမြှင့်အကောင်အထည် နိုင်မည်ဆိုပါက အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း မူဆယ်မြို့တွင် ဖွင့်လှစ်ထားသော ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကပြောသည်။ "တရုတ်ဘက်က မြန်မာနိုင်ငံအပေါ် လိုက်လျောညီထွေတဲ့ စီးပွားရေးစနစ်တစ်ခုကို ကျင့်သုံးဖို့ လိုပါလိမ့်မယ်" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံမှ တစ်နှစ်လျှင် ဒေါ်လာသန်း ၂၀၀ ခန့်တင်ပို့နေသော ရေထွက်ကုန်ကဏ္ဍတွင်လည်း တရုတ်အစိုးရ၏ အတားအဆီးများကြောင့် အခက်အခဲအချို့ရှိနေသည်။ မြန်မာနိုင်ငံမှ မွေးမြူထုတ်လုပ်သော ပုစွန်ဖြူနှင့်ငါးတန်များ တင်ပို့ခွင့်မရရှိပေ။ ပင်လယ်ပြင်မှ ဖမ်းဆီးရသော ငါး၊ ပုစွန်ရေထွက်ကုန်များ တင်ပို့နိုင်သော်လည်း မွေးမြူရေးထုတ်ကုန်များအတွက် ဈေးကွက်အခက်အခဲအချို့ရှိနေသည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ "တရုတ်ကို မွေးမြူရေးရေထွက်ကုန်ပို့ဖို့က GACC နဲ့ ပတ်သက်တဲ့အခက်အခဲရှိနေတယ်။ ဒါကို အစိုးရကဦးဆောင်ပြီး ရှင်းလင်းဆောင်ရွက်မှရမှာပါ" ဟု ဦးဝင်းကြိုင်ကပြောသည်။

တရုတ်နိုင်ငံ အကောက်ခွန်ဌာန (GACC) ၏ လုပ်ထုံးလုပ်နည်းများကိုက်ညီရန် နှစ်နိုင်ငံအစိုးရချင်း ဦးဆောင် ညှိနှိုင်းနိုင်မည်ဆိုလျှင် ရေထွက်ကုန်တင်ပို့မှု တိုးလာနိုင်သည်ဟု ၎င်းကဆိုသည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုသည် ဆယ်စုနှစ်တစ်ခုအတွင်း တိုးတက်လာပြီး ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုအပါအဝင် ကုန်သွယ်မှုတန်ဖိုး တစ်နှစ်ဒေါ်လာ လေးဘီလီယံမှ ငါးဘီလီယံအကြားရှိနေသည်။

**Source:** https://7day.news/detail?id=192897

## COVID-19ကြောင့် အထည်ချုပ်လုပ်ငန်းများ ရပ်နားရမည့်အခြေအနေနှင့်ရင်ဆိုင်နေရ




COVID-19 ဒဏ်ကြောင့် ကြီးမားစွာရိုက်ခတ်ခံရသည့်လုပ်ငန်းများတွင် အထည်ချုပ်ကဏ္ဍလည်း အပါအဝင်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံများသည် COVID-19 ကြောင့် ပြည်ပမှ အပ်ထည်အမှာစာ မရှိသလောက်နည်းပါးနေသည့်အတွက် အခက်အခဲများရှိနေကြောင်းနှင့် လက်ရှိအနေအထားအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက အထည်ချုပ်စက်ရုံများအနေဖြင့် ဩဂုတ်လတွင် ဆိုးဆိုးရွားရွားအခြေအနေရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းထံမှသိရသည်။

"ခါတိုင်းက ခါးမပြတ်ဘူး။ အခုကခါးပြတ်မယ့်အနေအထားရှိတယ်။ ခါတိုင်းက အမှာစာနည်းပေမယ့်လည်း OT မဆင်းရတာပဲရှိတာ။ လုံးဝရပ်ထားရတဲ့အထိတော့မရှိဘူး။ ဒါပေမယ့် ဒီတစ်နှစ်ကတော့ အဲ့လိုအနေအထားမျိုးတွေ အများကြီး တွေ့ရတယ်။ အခုက တစ်ချို့စက်ရုံတွေဆိုရင် လုံးဝမရှိတဲ့အနေအထားမှာရှိနေတယ်။ ဒီအချိန်မှာမှ အော်ဒါကမရှိဘူးလို့ သိလို့

ရှိရင် ဘာမှလုပ်လို့မရတော့ဘူး။ နောက်လရဲ့ လစာထုတ်ပြီးတော့မှ အခြေအနေကြည့်ရမယ်။ အဲ့ကျတော့မှ အော်ဒါမရှိတဲ့သူ အမှာစာမရှိတဲ့သူတွေကတော့ သူတို့နားမှာပေါ့။ နားတဲ့လူရှိမယ် အပြီးပိတ်မယ့်လူရှိမယ်" ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းချုပ်မှ အဖွဲ့ဝင် ဦးအောင်မျိုးဟိန်းကပြောသည်။

အထည်ချုပ်စက်ရုံများတွင် လက်ရှိချုပ်လုပ်နေသောအထည်များမှာ ယခင် COVID-19 မဖြစ်ခင်က အမှာစာလက်ကျန်များအား ချုပ်လုပ်နေခြင်းဖြစ်ကြောင်းသိရသည်။ "အမှာစာကတော့ COVID မတိုင်ခင် အဲ့အချိန်က မှာထားတဲ့ ကုန်ကြမ်းတွေရဲ့ ဆက်ပြီးတော့ပို့ရမယ့်ကုန်ကြမ်း supplier sideက ပို့ရမယ့်ကုန်ကြမ်းတွေကို သူကတော့ဆက်ပြီးတော့ လာနေတော့ ကျွန်မတို့ ၇လပိုင်းအထိကတော့ ဒီလိုမျိုးလာခဲ့တဲ့ အော်ဒါတွေရှိခဲ့တယ်။ အခုကျွန်မတို့မရှိမှာက ၈လပိုင်း၊ ၉လပိုင်း၊ ၁၀လပိုင်း ဒီ ၃လစာအတွက် မရှိဘူး" ဟု လှရင်မိုး ကုမ္ပဏီလီမိတက် ပိုင်ရှင် ဒေါ်ရင်ရင်မိုးကဆိုသည်။ အစိုးရအနေဖြင့် အထည်ချုပ်လုပ်ငန်းအတွက် ငွေကြေးထောက်ပံ့မှုမျိုးမဟုတ်ဘဲ အလုပ်ပေးနိုင်ဖို့သာ လိုအပ်ကြောင်း ဦးအောင်မျိုးဟိန်းက ပြောသည်။ "အလုပ်ပေးဖို့ပဲ လိုတယ်။ ပိုက်ဆံပေးတဲ့ဟာကိုလည်း ဘယ်သူ့မှမလိုချင်တော့ဘူး။ ဘယ်လုပ်ငန်းရှင်မှ မလိုချင်ဘူး။ အလုပ်ပေးနိုင်ဖို့ပဲလိုတယ်။ အလုပ်ပေးမှ ဒီပိုက်ဆံက သူ့ဟာသူလည်သွားမှာလေ။ ပိုက်ဆံပေးရင်လည်း အားလုံးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်တာပေါ့" ဟု ပြောသည်။

အထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် လုပ်သားဦးရေသည် ၅ သိန်းကျော်အထိရှိပြီး တရုတ်အထည်ချုပ်စက်ရုံ ၂၃၆ ရုံ၊ ကိုရီးယားအထည်ချုပ်စက်ရုံ ၆၇ ရုံ၊ ဂျပန်အထည်ချုပ်စက်ရုံ ၂၀ နှင့် မြန်မာပိုင်အထည်ချုပ်စက်ရုံ ၉၂ ရုံရှိကြောင်း မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းက သိရသည်။ အထည်ချုပ်ပို့ကုန်များကို ဥရောပနိုင်ငံများနှင့် ဂျပန်၊ ကိုရီးယား စသည့်နိုင်ငံများသို့ အဓိကထားတင်ပို့လျှက်ရှိသည်။ ၎င်းအထည်ချုပ်လုပ်ငန်းများမှ ချုပ်ထည်တင်ပို့မှုမှရရှိငွေသည် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ဇန်နဝါရီလကုန်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော် ရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။

**Source:** http://www.mizzimaburmese.com/article/71625

## နယ်စပ်မှတစ်ဆင့် ရွှေအဝယ်လိုက်လာ၍ ရွှေဈေး လေးသောင်းကျော်ပြန်တက်

တရုတ်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့က နယ်စပ်မှတစ်ဆင့် ရွှေအဝယ်လိုက်လာ၍ ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်လာကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များကပြောသည်။ ကမ္ဘာ့ရွှေဈေး တဖြည်းဖြည်းမြင့်တက်လာပြီးနောက် ပြည်တွင်းရွှေဈေးလည်း ဇူလိုင်လအတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်လေးသောင်းကျော် မြင့်တက်လာခြင်းဖြစ်သည်။ ထိုသို့ဈေးမြင့်တက်လာခြင်းသည် အချက်သုံးချက်ရှိပြီး ကမ္ဘာ့ရွှေဈေးမြင့်တက်လာခြင်း၊ ပြည်တွင်းငွေဈေးတွင် ဒေါ်လာဈေးမြင့်တက်လာခြင်းနှင့် ပြည်ပနိုင်ငံများအတွက် နယ်စပ်မှအဝယ်လိုက်လာခြင်းကြောင့်ဖြစ်သည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။"ကမ္ဘာ့ရွှေဈေးနဲ့ယှဉ်ရင် ပြည်တွင်းရွှေဈေးကနိမ့်နေတယ်၊ ဒါကြောင့် တစ်ဖက်နိုင်ငံတွေက နယ်စပ်ကအဝယ်လိုက်တာ။ ဒီအတိုင်းဆို ရွှေဈေးက ဆက်တက်ဖို့ရှိတယ်" ဟု ၎င်းကပြောသည်။

ပြည်တွင်းရွှေဈေးသည် ဇွန်လ ၃၀ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁,၂၁၅,၀၀၀ ရှိရာမှ ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁,၂၆၀,၀၀၀အထိ မြင့်တက်လာသည်။ ကမ္ဘာ့ရွှေဈေးသည် ဇွန်လ ၃၀ ရက်တွင် တစ်အောင်စလျှင် ဒေါ်လာ ၁,၇၇၀ ရှိပြီး ဇူလိုင် ၁၈ ရက်တွင် တစ်အောင်စကို ၁,၈၀၉ ဒေါ်လာအထိ မြင့်တက်လာသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေအရောင်းက ပိုများနေပြီး လုပ်ငန်းရှင်များကလည်း ရွှေရောင်း၍လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် CO-VID-19 ကြောင့် အခြေခံလူတန်းစားများက ရွှေအရောင်းပိုများလာသည်ဟု ရွှေလုပ်ငန်းရှင်များကဆိုသည်။ လက်ရှိတွင် ပြည်တွင်း၌ ရွှေအရောင်းအဝယ်သည် ကမ္ဘာ့ရွှေဈေး အလိုက် အနည်းငယ်တက်လာသော်လည်း အမှန်တကယ်ပေါက်ဈေးထက် လျော့နည်းနေသည်ဟု မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းကပြောသည်။

**Source:** https://7day.news/detail?id=192731

## မြန်မာမှ တရုတ်သို့ နယ်စပ်ကုန်စည်တင်ပို့မှု ဒေါ်လာသန်း ၂၀၀ ကျော်လျော့နည်း

COVID-19 ကပ်ရောဂါ ဂါထိန်းချုပ်ရေး အကြောင်းပြချက်ဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်စည်စီးဆင်းမှုကို တရုတ်အစိုးရက တင်းကျပ်ခဲ့ခြင်းကြောင့် ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း မြန်မာနိုင်ငံမှကုန်စည်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် လျော့ကျသွားသည်။ ၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ဇူလိုင် ၁၀ ရက်အထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီနှင့် လွယ်ဂျယ်တို့မှ နယ်စပ်ကုန်သွယ်ရေးဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်များအပါအဝင် ပို့ကုန်တင်ပို့မှုက ဒေါ်လာ သုံးဘီလီယံကျော်သာ တင်ပို့နိုင်သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ဒေါ်လာ ၃ ဒသမ ၂၉ ဘီလီယံတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စာရင်းများတွင်ဖော်ပြထားသည်။ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလျော့ကျရခြင်းက ကျန်းမာရေး စစ်ဆေးမှုများတင်းကျပ်ခြင်းကြောင့်ဟု စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ ယခုနှစ်စ ပိုင်းတွင် တရုတ်နိုင်ငံမှစတင်ခဲ့သော COVID-19 ကပ်ရောဂါသည် မြန်မာနိုင်ငံသို့ မတ်လအတွင်း စတင်ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံသို့ ကပ်ရောဂါရောက်ရှိလာပြီးနောက် တရုတ်အစိုးရက နယ်စပ်ဂိတ်များကို လူအဝင်၊ အထွက်ပိတ်ထားပြီး ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုလည်း တင်းကျပ်သည့်စစ်ဆေးမှုများလုပ်ဆောင်ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ယာဉ်မောင်းလဲလှယ်စနစ်ဖြင့် ဧပြီလမှစတင်ခဲ့ပြီးနောက် မြန်မာနိုင်ငံမှ ပို့ကုန်များတုံ့နှေးခဲ့ရသည်။

မြန်မာ-တရုတ်နယ်စပ်တွင် အကျပ်အတည်းက လေးလကျော်ကြာမြင့်သည်အထိ အပြောင်းအလဲမရှိသေးကြောင်း မူဆယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးဝင်းအောင်ခန့်ကပြောသည်။ လက်ရှိနယ်စပ်ကုန်သွယ်ရေး အခြေအနေမှာ မိုးတွင်းကာလ မြန်မာနိုင်ငံမှပို့ကုန်နည်းခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့ချိန် လျော့ကျလာသည်ဟု ၎င်းကဆို သည်။ တရုတ်နိုင်ငံသို့ဝင်ရန် နယ်စပ်ဂိတ်တွင် တန်းစီစောင့်နေသော ကုန်တင်ယာဉ်အစီးရေကလည်း ၅၀၀ ဝန်းကျင်သာရှိပြီး ယခင်ထက်လျော့ကျသွားကြောင်း ၎င်းကဆိုသည်။ ပြီးခဲ့သည့်လများက ကုန်တင်ယာဉ်အစီးရေ ၁,၀၀၀ ကျော် ပိတ်ဆို့ နေကြောင်း ဦးဝင်းအောင်ခန့်ကပြောသည်။

**Source:** https://7day.news/detail?id=192768

## ပြည်ပကို ငါး၊ ပုစွန်တင်ပို့မှု ၇၀ ရာခိုင်နှုန်းခန့်ရှိလာ




ပြည်ပကို ငါး၊ ပုစွန်တင်ပို့မှုဟာ ပြီးခဲ့တဲ့ ဧပြီနဲ့မေလတွေမှာ ၅၀ ရာခိုင်နှုန်း အောက်သာရှိနေရာကနေ လက်ရှိမှာတော့ ၇၀ ရာခိုင်နှုန်းခန့် တင်ပို့လာနိုင် တယ်လို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောပါတယ်။ နိုင်ငံတကာဈေးကွက်ကို လက်ရှိ ငါး၊ ပုစွန် တင်ပို့တဲ့အခြေအနေနဲ့ပတ်သတ်ပြီး ဦးဝင်းကြိုင်က အခုလိုပြောပါတယ်။ "Export ၇၀ ရာခိုင်နှုန်းလောက်ရှိနေတယ်။ ဒါပေမယ့် ဒီအချိန်က ပင်လယ်ငါးက ရာသီခဏနားထားတဲ့အချိန်ဖြစ်နေတယ်။ အဲဒါကြောင့် သုံးလပိတ်ထားတော့ ပင်လယ်ငါးကုန်ထွက်က မရှိဘူးပေါ့။ ငါးဈေးတွေ ကတော့ ကိုယ့်နိုင်ငံမှာရော ကမ္ဘာအရပ်ရပ်မှာပါ ဒီကိုရိုနာဗိုင်းရပ်ပြဿနာကြောင့် ဈေးကွက်တွေကတော့ကျပြီးတော့ ဈေးမ ကောင်းဘူးပေါ့။ အဲဒီပြဿနာ ကျွန်တော်တို့အားလုံး ကြုံတွေ့ခံစားနေရတယ်" လို့ ဦးဝင်းကြိုင်ကဆိုပါတယ်။

လက်ရှိ ပြည်တွင်းက ငါး၊ ပုဇွန်တွေကို ဥရောပနိုင်ငံတွေဖြစ်တဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီစတဲ့နိုင်ငံတွေကို အဓိက တင်ပို့နေ ပါတယ်။ ပြီးခဲ့တဲ့နှစ် ဘတ်ဂျတ်ကာလမှာ ပြည်ပကို ရေထွက်ကုန်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၇၂၈သန်းခန့်ရှိခဲ့ပြီး ဒီနှစ်မှာတော့ ၉လအတွင်းမှာပဲ အမေရိကန်ဒေါ်လာသန်း ၇၀၀ တင်ပို့ထားနိုင်တယ်လို့ ဦးဝင်းကြိုင်ကဆိုပါတယ်။ ရေထွက် ပစ္စည်းတင်ပို့ထုတ်လုပ်ရေးလုပ်ငန်းတွေအနေနဲ့ Covid-19 ကာလအတွင်းမှာ အခက်အခဲတွေကြုံတွေ့ခဲ့ရတာပါ။

**Source:** https://web.facebook.com/onenewsmyan/photos/a.1515516265429581/2591880324459831/

## ရန်ကုန်မြို့တွင်း၌ ကားဖြင့် အိမ်ရှေ့အရောက် ကြက်သွန်နီရောင်းချမှုများရှိလာ



ယခုလပိုင်းတွင် ရန်ကုန်မြို့တွင်း မြို့နယ်များ၌ ကြက်သွန်နီများကို မော်တော်ယာဉ်ငယ်များဖြင့် အိမ်ရှေ့အရောက် လက်လီလှည့်လည်ရောင်းချမှုများရှိလာပြီး ထိုအရောင်းကားများမှာ ဈေးနှုန်းလည်းမှန်ကန်သဖြင့် စားသုံးသူများအတွက် အဆင်ပြေလျက်ရှိကြောင်း ရန်ကုန်မြို့တွင်းနေသူအချို့ကပြောသည်။

ကြက်သွန်နီအပါအဝင် ကြက်သွန်ဖြူ အာလူး စသည့် စားကုန်များ ဈေးနှုန်းအနိမ့်၌ရှိနေချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တတ်နိုင်သမျှ အိမ်အပြင်ဘက်သို့ မလိုအပ်ဘဲ သွားလာခြင်းမပြုရန်၊ နှာခေါင်းစည်းတပ်၍သာ အပြင်ထွက်ရန် ပြည်သူများအား အသိပေးထားမှုများလည်းရှိနေ၍ အရောင်းအဝယ်များမှာအေးနေသဖြင့် ယခုကဲ့သို့ နေအိမ်ရှေ့အရောက် ကားဖြင့်လှည့်လည်ရောင်းချသော ဈေးကားမျိုးစုံကို ရန်ကုန်မြို့တွင်း မြင်တွေ့လာရခြင်းဖြစ်သည်။ လမ်းမတော်မြို့နယ်အတွင်း လှည့်လည်ရောင်းချနေသော ဈေးကားတစ်စီးတွင် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၇၀၀ နှင့် သုံးပိဿာ ကျပ် ၂၀၀၀ နှုန်းဖြင့်ရောင်းချနေသည်ကို ဇူလိုင် ၁၈ ရက်က တွေ့ရသည်။ အိမ်ရှေ့အရောက် လှည့်လည်ရောင်းချသော ဈေးကားအချို့တွင် ကြက်သွန်ဖြူတစ်ပိဿာ ကျပ် ၂၅၀၀ ဖြင့် ရောင်းချနေပြီး ကြက်သွန်ဖြူတစ်ပိဿာဝယ်လျှင် ကြက်သွန်နီတစ်ပိဿာလက်ဆောင်ပေးနေသည်ကိုလည်း အလုံမြို့နယ်အတွင်း တွေ့ရသည်။

နိုင်ငံအသီးသီးတွင် တွေ့ကြုံနေရဆဲ ကိုဗစ်-၁၉ ရောဂါကြောင့် မလိုအပ်ဘဲ အိမ်ပြင်ပသို့မထွက်ရန်နှင့် လူစုလူဝေးများကြားသွားလာမှုမပြုရန် သက်ဆိုင်ရာက ကျန်းမာရေးအသိပေးထားသည့် ယခုကာလတွင် စားသုံးသူများအနေဖြင့် မဖြစ်မနေဝယ်ယူစားသုံးနေရသည့် ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးစသည့် အခြေခံစားကုန်အချို့ကို နေအိမ်ရှေ့အရောက် ရောင်းချပေးသည့်ဈေးကားများကြောင့် ပြည်သူများ အဆင်ပြေသလို ဈေးမှန်ခြင်းကြောင့် ငွေကြေးကုန်ကျမှုလည်းသက်သာကြောင်း အိမ်ရှင်မတစ်ဦးကပြောသည်။

ယခုလို ဈေးရောင်းချသည့်ပုံစံ ပြောင်းလဲလာခြင်းကြောင့် လက်ကားဈေးနှုန်းနှင့် လက်လီဈေးနှုန်းတို့အကြား ကွာဟမှုနည်းလာခြင်း၊ သယ်ယူစရိတ်လျှော့ချလာနိုင်ခြင်း၊ ဈေးများသို့ သွားရောက်ဝယ်ယူရမှုကို လျှော့ချနိုင်ခြင်းများရှိလာပြီး လက်ကားဈေးကွက်အတွင်းဝယ်လိုအားနည်းနေသော ကုန်အချို့ကို အရောင်းမြှင့်တင်ပေးသကဲ့သို့လည်းဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်နယ်သို့ စားဖိုဆောင်သုံးကုန်စည်များ ဝယ်ယူတင်ပို့နေသည့် အဝယ်တော်တစ်ဦးကပြောသည်။ ဘုရင့်နောင် လက်ကားဈေးကွက်တွင် ယခုလအတွင်း ကြက်သွန်နီ လက်ကားဈေးမှာ တစ်ပိဿာ ပျမ်းမျှ ကျပ် ၄၀၀ ဝန်းကျင်ရှိနေပြီး ယခုအပတ်အတွင်း နယ်စုံမှရန်ကုန်ဈေးကွက်သို့ နေ့စဉ်ပျမ်းမျှ ကြက်သွန်နီပိဿာချိန် ၁၈၀၀၀၀ ဝန်းကျင်ခန့် ဝင်ရောက်နေသည်ဟု နေ့စဉ်ကုန်စည်ဒိုင်ဈေးနှုန်းများတွင် ဖော်ပြထားချက်များအရသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## နိုင်ငံတော်အရန်ဆန်ကို စာရင်းမှတ်စနစ်ဖြင့် ဆက်လက်ဝယ်ယူမည်

နိုင်ငံတော်အရေးပေါ်ရိက္ခာ ဆန်ဝယ်ယူရေး အစီအစဉ်အရ ဝယ်ယူလျက်ရှိသည့် ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်သည် သတ်မှတ်ပမာဏတန်ချိန် ၅၀,၀၀၀ ပြည့်မီသွားသည့်အတွက် စာရင်းမှတ်စနစ်ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းညှိနှိုင်းမှုအဖွဲ့အစည်းအဝေး (၁၂၇/၂၀၂၀) ဆုံးဖြတ်ချက်အရ ပြည်ပသို့ ဆန်တင်ပို့မှုနှင့်ပတ်သက်၍ နိုင်ငံတော်အရန်ဆန် ၅ ရာခိုင်နှုန်းပေးသွင်းခြင်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထောက်ခံချက်အရ နိုင်ငံတော်အရန်ဆန် လက်ခံသိုလှောင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက လက်ခံသွားရမည်ဖြစ်ကြောင်းသိရသည်။ "အရန်ဆန်ဝယ်တာကို ယာယီရပ်ဆိုင်းတယ်ဆိုပြီး စားသုံးသူဌာနက စာထုတ်ထားတယ်။ ဘယ်လိုစနစ်နဲ့ဝယ်ကြမလဲဆိုပြီး ဆွေးနွေးတော့ စာရင်းမှတ်စနစ်နဲ့ဝယ်ပါဆိုပြီးညွှန်ကြားတယ်။ Exporters တွေကိုတော့ စာထုတ်ပြီးပို့ပေးထားတယ်။ ဘယ်အချိန်အထိ ဒီစနစ်နဲ့သွားမလဲဆိုတာတော့ မပြောနိုင်သေးဘူး။ လက်ရှိက မူလလျာထားတဲ့ တန်ချိန်ငါးသောင်း

ပြည့်တယ်။ ဒါတွေကို ဘယ်လိုရောင်းချမလဲဆိုပြီး ညှိနှိုင်းနေတယ်။ ရောင်းချပြီးရင်တော့ ပြန်လည်ပေးသွင်းတဲ့ဟာကို ဆက်ပြီးစီစဉ်မယ်။ ဆုံးဖြတ်တဲ့အဆင့်အထိ မရောက်သေးဘူး" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယအမှုဆောင် အရာရှိချုပ် ဦးမြင့်လွင်ကပြောကြားသည်။

အဆိုပါစာရင်းမှတ်စနစ်ဖြင့် ဆောင်ရွက်ထားသည့် အရန်ဆန်များကို နိုင်ငံတော်အရန်ဆန် လက်ခံသိုလှောင် ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ပေးသွင်းရန်အကြောင်းကြားလာပါက သက်ဆိုင်ရာကုမ္ပဏီအနေနှင့် သတ်မှတ်ရက် အတွင်း လာရောက်ပေးသွင်းမည်ဟု ဝန်ခံကတိဖြင့် လိုင်စင်ထုတ်ပေးသွားရန် အကြောင်းကြားလာခြင်းဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။ သို့ဖြစ်၍ ပို့ကုန်လိုင်စင်လျှောက်ထားသည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင် ကုမ္ပဏီများအနေနှင့် စာရင်းမှတ်စနစ်ဖြင့် အရန်ဆန်ကိုလက်ခံ၍ ပို့ကုန်လိုင်စင်ထုတ်ပေးခွင့်လျှောက်ထားခြင်းကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ထားသည့်ပုံစံဖြင့်ပူးတွဲတင်ပြပေးရမည်ဖြစ်သည်။

လက်ရှိတွင် အရန်ဆန်ဝယ်ယူခြင်းကို ယာယီရပ်ဆိုင်းထားပြီး ယခင်က အရန်ဆန်ပေးသွင်းပြီးမှသာ ပို့ကုန်လိုင်စင် ထုတ်ပေး သော်လည်း စာရင်းမှတ်စနစ်ဖြင့်ဝယ်ယူသည့်စနစ်အရ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် အရန်ဆန်သတ်မှတ် တန်ချိန်ပမာဏကို ပေးသွင်းပါမည်ဆိုသည့်ခံဝန်ချက်နှင့်စာရင်းမှတ်သားထားပြီး ပို့ကုန်လိုင်စင်ထုတ်ပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

**Source: The Voice** https://news.ydnp.net/356940/

## လေးနှစ်ကျော်အတွင်း ရန်ကုန်တိုင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်

လေးနှစ်ကျော်ကာလအတွင်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် မေလကုန်အထိ) ရန်ကုန်တိုင်း ဒေသကြီးသို့ လုပ်ငန်းပေါင်း ၆၀၀ ကျော်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနထံမှသိရသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် လုပ်ငန်းပေါင်း ၆၆၅ ခုဖြင့် အများဆုံး ဝင်ရောက်ထားခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးတွင် လုပ်ငန်းပေါင်း ၇၆ ခုဖြင့် ဒုတိယအများဝင်ရောက်ထားကာ မန္တလေးတိုင်း ဒေသကြီးတွင် လုပ်ငန်းပေါင်း ၅၆ ခုဖြင့် တတိယအများဆုံး ဝင်ရောက်ထားကြောင်း ယင်းဌာနထံမှသိရသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတွင် လုပ်ငန်း ၂၇ ခု၊ မွန်ပြည်နယ်တွင် လုပ်ငန်း ၁၆ ခု၊ ရှမ်းပြည်နယ်တွင် လုပ်ငန်း ၁၂ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် လုပ်ငန်း ၁၀ ခု၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လုပ်ငန်း ၉ ခုစီ၊ နေပြည်တော်ကောင်စီနယ်မြေတွင် လုပ်ငန်း ၈ ခု၊ ကချင်ပြည်နယ်တွင် လုပ်ငန်း ၆ ခု၊ ကရင်ပြည်နယ်တွင် လုပ်ငန်း ၅ ခု၊ ရခိုင်ပြည်နယ်တွင် လုပ်ငန်း ၄ ခုနှင့် ကယားပြည်နယ်တွင် လုပ်ငန်း ၂ ခု ရှိပြီး ချင်းပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ဝင်ရောက်ခြင်းမရှိကြောင်း၊ လေးနှစ်ကျော်ကာလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၉၀၅ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံကျော်ရရှိထားသည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု၊ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လျှပ်စစ် ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ သတ္တုတွင်းကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ စက်မှုဖုန်တည်ဆောက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့်အခြားဝန်ဆောင်မှုကဏ္ဍ စုစုပေါင်း ၁၂ ခုရှိသည့်အနက် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံထားကာ စက်မှုကဏ္ဍတွင် တတိယ အများဆုံး ရင်းနှီးမြှုပ်နှံထားကြောင်း ယင်းဌာနထံမှသိရသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၁ နိုင်ငံထဲတွင် စင်ကာပူ နိုင်ငံက ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ထားပြီး တရုတ်နိုင်ငံကဒုတိယနှင့် ထိုင်းနိုင်ငံကတတိယအများဆုံး ရင်းနှီးမြှုပ်နှံထား ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနထံမှသိရသည်။

Source: https://news.ydnp.net/356800/

## ပြည်ပချေးငွေ ကန်ဒေါ်လာသန်း ၄၀၀ ကျော်နဲ့ နိုင်ငံတကာအဆင့်မီ ပဲခူး-ကျိုက်ထိုအမြန်လမ်းမကြီးတည်ဆောက်ဖို့ အစိုးရစီစဉ်

နိုင်ငံတကာအဆင့်မီ ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးကို ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ချေးယူကာ တည်ဆောက်ဖို့ အစိုးရကစီစဉ်နေပါတယ်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ထံမှ အမေရိကန်ဒေါ်လာ ၄၈၃.၈ သန်း ချေးယူခွင့်ပြုဖို့တင်ပြခဲ့တာပါ။ ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းဟာ မဟာမဲခေါင် ဒေသတွင်းစီးပွားရေး စင်္ကြံလမ်းမကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်လို့ ဒုဝန်ကြီးကဆိုပါတယ်။ မဟာမဲခေါင် ဒေသတွင်း နိုင်ငံများအကြား အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမှာ ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့ ၊ ဒါနန်းဆိပ်ကမ်းမှ စတင်ကာ ဗီယက်နမ် နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့ကိုဖြတ်သန်းကာ မြန်မာနိုင်ငံ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းအထိ ချိတ်ဆက်ဖောက်လုပ် ထားတာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းမကြီးရဲ့ မြန်မာနိုင်ငံအတွင်းဖြတ်သန်းသွားလာတဲ့ လမ်းပိုင်းများအဆင့် မြှင့်တင်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လာခဲ့ရာ ကော့ကရိတ်- မြဝတီအပိုင်းမှာ ဆောင်ရွက်ပြီးစီးခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေနဲ့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိတဲ့ အိန္ဒြ-ကော့ကရိတ် လမ်းအပိုင်းမှာလည်း မကြာခင်ပြီးစီးတော့မှာဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ပဲခူးတိုင်းဒေသကြီးမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ ၊ သီလဝါဆိပ်ကမ်းကို ဝင်ရောက် နိုင်မယ့် ပဲခူး-သန်လျင်လမ်း အဆင့်မြှင့်တင်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေနဲ့ ဆောင်ရွက်လျက်ရှိရာ မကြာမီ တည်ဆောက်ရေးလုပ်ငန်းတွေ စတင်နိုင်တော့မှာဖြစ်တယ်လို့ ဒုဝန်ကြီးကဆိုပါတယ်။

လက်ရှိမှာ ရန်ကုန်မြို့ရဲ့အဓိက ဖွံ့ဖြိုးတိုးတက်နေတဲ့ Economic Corridor ဟာ ရန်ကုန်-ထောက်ကြန့်-လှည်းကူး - ဇရပ်ကွင်း- အင်းတကော်- ပဲခူးလမ်းတစ်လျှောက် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေတာကိုတွေ့ရှိရတယ်လို့လည်း ဆိုပါတယ်။ ရန်ကုန်မြို့ရဲ့အနောက်ဖက်ခြမ်းဖွံ့ဖြိုးတိုးတက်မှုနဲ့နှိုင်းယှဉ်ရင် ရန်ကုန်မြို့ရဲ့အရှေ့ဘက်ခြမ်းဟာ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေး နေတာကိုတွေ့ရှိရတယ်လို့လည်း ဒုဝန်ကြီးကဆိုပါတယ်။ ဒုဝန်ကြီးက ``ယခုစီမံကိန်းဟာ ရန်ကုန်မြို့ရဲ့အရှေ့ဘက်ခြမ်းဖြစ်တဲ့ သန်လျင်-သီလဝါ-သုံးခွ-သနပ္ပင်-ပဲခူးလမ်းပိုင်းကိုပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။ ၎င်းအပြင်ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ ယခုစီမံကိန်းလမ်းမကြီးဖြတ်သန်းသွားရာ လမ်းတစ်လျှောက် လမ်းဘေးဝဲယာဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေမှာဖြစ်ပါတယ်´´လို့ ပြောပါတယ်။

လက်ရှိအသုံးပြုလျက်ရှိတဲ့ ပဲခူး-ဘုရားကြီး- ဝေါ-ကျိုက်ထို လမ်းပိုင်းဟာ အရှည် (၉၆) ကီလိုမီတာရှိပြီး ခရီးသွားလာချိန် (၁၂၀) မိနစ် ကြာမြင့်ကာ တိုးတက်လာတဲ့ မော်တော်ယာဉ်အသုံးပြုမှု (ယာဉ်အစီးရေ)နဲ့ ကိုက်ညီခြင်းမရှိတော့တဲ့ အပြင် လမ်းအူကြောင်းရှည်လျားခြင်း၊ လမ်းတစ်လျှောက်မှာ လူနေထူထပ်တဲ့မြို့/ရွာများ ၊ နေအိမ်များနဲ့သာသနိက အဆောက် အဦများ၊ ဆေးရုံများနဲ့ စာသင်ကျောင်းတွေက လမ်းနဲ့နီးကပ်စွာတည်ရှိနေတာတွေကြောင့် လက်ရှိလမ်းကို တိုးချဲ့အဆင့် မြှင့်တင်ဖို့ မြေအသုံးပြုမှုကန့်သတ်ချက်တွေရှိတဲ့အပြင် ခြေလျင်အသုံးပြုသူများနဲ့ အနှေးယာဉ်များရောထွေးနေခြင်း၊ စတာ တွေကြောင့် လက်ရှိမှာ မော်တော်ယာဉ်တွေဟာ တစ်နာရီလျှင် (၆၀ ) ကီလိုမီတာနှုန်းနဲ့မောင်းနှင်ဖို့ပင်ခက်ခဲလှတယ်လို့ သိရပါတယ်။ ဒုဝန်ကြီးက ``JICA ရဲ့ အကြိုလေ့လာမှုများအရ ၂၀၂၀ပြည့်နှစ် နဲ့ ၂၀၂၅ ခုနှစ်များအတွင်း လက်ရှိလမ်းဟောင်းရဲ့ မော်တော်ယာဉ်လက်ခံအသုံးပြုနိုင်စွမ်းကိုကျော်လွန်သွားမှာဖြစ်ပြီး ဆိုးရွားတဲ့ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပေါ်လာမှာဖြစ် သဖြင့် ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နိုင်ရန် လိုအပ်လာပါတယ်´´လို့ ပြောပါ တယ်။ ပဲခူး-ကျိုက်ထို အမြန်လမ်းမကြီးကတော့ ယာဉ်သွားလမ်း လေးလမ်းပါဝင်တဲ့ နိုင်ငံတကာအဆင့်မီ နိုင်လွန်ကတ္တရာ လမ်းမကြီးဖြစ်ပါတယ်။

စီမံကိန်းလမ်းမကြီးဟာ အရှည်(၆၂) ကီလိုမီတာရှိပြီး အရင်လမ်းဟောင်းထက် (၃၂) ကီလိုမီတာ လျော့နည်းကာ မော်တော်ယာဉ်မောင်းနှင်ချိန် (၅၅)မိနစ်သာကြာမြင့်မှာဖြစ်တယ်လို့သိရပါတယ်။ (၆၂) ကီလိုမီတာအတွင်း တံတားငယ်များ၊ Culverts များ စုစုပေါင်း ၃၅၁ စင်း ပါဝင်မှာဖြစ်ပါတယ်။ လမ်းပိုင်းအတွင်း JICA ချေးငွေနဲ့ဆောင်ရွက်မယ့် အရှည် ၂ ကီလိုမီတာ စစ်တောင်းမြစ်ကူးတံတားအသစ် (၁) စင်းလည်း ပါဝင်တည်ဆောက်မှာဖြစ်ပါတယ်။ ပဲခူး-ကျိုက်ထို အမြန်

လမ်းမကြီးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်မဟာမဲခေါင်ဒေသတွင်း နိုင်ငံများနဲ့လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ပဲခူး-သန်လျင်လမ်း၊ ရန်ကုန်မြို့အပြင် မြို့ပတ်လမ်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတို့နဲ့ဆက်စပ်ကာ သည်ကနေတစ်ဆင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ဆက်သွယ်ချိတ်ဆက်သွားလာနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

ချေးငွေဆိုင်ရာ စည်းကမ်းချက်တွေကတော့ ဆိုင်းငံ့ကာလ ၈ နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ်၊ စုစုပေါင်း ၃၂ နှစ် ဖြစ်ပါတယ်။ အတိုးနှုန်းမှာ တစ်နှစ်လျှင် ဆိုင်းငံ့ကာလအတွင်း ၁.၀ ရာခိုင်နှုန်းဖြစ်ပြီး ပြန်ဆပ်ကာလအတွင်း ၁.၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ချေးငွေရဲ့ Grant element တွက်ချက်ရာ ၄၈ ရာခိုင်နှုန်းခန့်ရရှိတဲ့အတွက် သက်သာတဲ့ချေးငွေအမျိုးအစားမှာပါဝင်တယ်လို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်မှာရှင်းလင်းပြောကြားထားပါတယ်။ စီမံကိန်းကာလကိုတော့ ၂၀၂၁ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ ၆ နှစ် သတ်မှတ်ထားပါတယ်။

ချေးငွေနဲ့ပတ်သက်ပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းကြဖို့ လွှတ်တော်နာယက က ကြေညာထားပါတယ်။ ဒီနှစ် မတ်လကုန်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ စာချုပ်ချုပ်ဆိုပြီးတဲ့ ပြည်ပချေးငွေ စုစုပေါင်းကတော့ အမေရိကန်ဒေါ်လာ သန်း ၂,၀၀၀ ကျော်ရှိပြီး ထုတ်ယူသုံးစွဲငွေပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ဖြစ်တယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-38174

## လျှော်ဖြူကုန်သည်များနှင့် တရုတ်ဝယ်လက်တို့ပူးပေါင်း၍ ဈေးနှိမ်သည့်ဖြစ်စဉ်မျိုးမရှိ



ပြည်တွင်းရှိ လျှော်ဖြူကုန်သည်များနှင့် တရုတ်ဝယ်လက်တို့ ပူးပေါင်း၍ ဈေးနှိမ်သည့်ဖြစ်စဉ်မျိုးမရှိကြောင်း မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရသည်။ ကုန်သည်ပွဲစားနှင့် တရုတ်ပေါင်းပြီး ဈေးနှိမ်တာ လုံးဝမဟုတ်ပါဘူး။ အဓိကကတော့ ဝယ်လိုအား၊ ရောင်းလိုအားရဲ့ မမျှတမှုကြောင့်ပါ။ COVID ကြောင့် တရုတ်ပြည် ဝယ်လိုအားကျဆင်းချိန်မှာ ဈေးအတက်ကို စောင့်ရလို့ ကုန်လက်ကျန်များတာရယ်၊ အစေးအသစ်တွေ ပြန်ပေါ်လာ တာရယ် ဆက်သွားတော့ ရောင်းလိုအားများသွားတာပါ။ အဲ့ဒါကြောင့် လတ်တလော ဈေးတက်မလာသေးတာပါ။ အချိန်အတိုင်းအတာတစ်ခုတော့ စိတ်ရှည်ရှည်နဲ့ စောင့်ရပါဦးမယ်။

ဟု မြန်မာနိုင်ငံ လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇင်မင်းသန့် က ပြောသည်။

လျှော်ဖြူဈေးနှုန်း အတက်အကျကြောင့် တောင်သူများအနေဖြင့် ဈေးကွက်ရိုက်ခတ်မှုဒဏ် ခံစားရသကဲ့သို့ လျှော်ဖြူကို အမှီသဟဲပြု၍ ရောင်းဝယ်ဖောက်ကားနေသည့် ကုန်သည်များမှာလည်း အနည်းနှင့်အများဆိုသလို ထိခိုက်မှုရှိကြောင်း သိရသည်။ ဒီနှစ်မှာ ကုန်သည်ပွဲစားတွေလည်း ထင်သလောက် မမြတ်ကြပါဘူး။ တကယ်အရောင်းအဝယ်လုပ်ပြီး အမြတ်ယူရမယ့်အချိန်မှာ COVID ဖြစ်လာတော့ အားလုံးအခက်အခဲနဲ့ရင်ဆိုင်ရပါတယ်။ ဒီနှစ်မှာ ပြောပြလို့မကောင်းတဲ့၊ မမျှော်လင့်တဲ့ အခက်အခဲတွေကိုလည်း ကုန်သည်တချို့ ကြုံတွေ့ကြရပါတယ်ဟု ဦးဇင်မင်းသန့်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံမှ လျှော်ဖြူစေးကို တရုတ်နိုင်ငံဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချပြီး၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံများသို့လည်း ရံဖန်ရံခါ ရောင်းချရကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/sterculia_market

## အိန္ဒိယနိုင်ငံ၌ ကျိုင်းကောင်အန္တရာယ် ထိန်းချုပ်ဆောင်ရွက်လျက်ရှိခြင်း

အိန္ဒိယနိုင်ငံအနောက်ပိုင်းနှင့်မြောက်ပိုင်းဒေသများ၌ ကျရောက်လျက်ရှိသော ကန္တာရကျိုင်းကောင်အုပ်များ၏ အန္တရာယ်အား ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရ အာဏာပိုင်အဖွဲ့အစည်းများက တားဆီးထိန်းချုပ်ဆောင်ရွက်နေသည့် အခြေအနေနှင့်ပတ်သက်၍ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ၁၄.၇.၂၀၂၀ နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

အဆိုပါထုတ်ပြန်ချက်၌ ရာဂျပ်စတန်၊ မဒရာပရာဒေ့ရှ်၊ ပန်ဂျပ်၊ ဂူဂျရတ်၊ ဥတာပရာဒေ့ရှ် နှင့် ဟာရီရာနာ ပြည်နယ်များ၌ ကျိုင်းကောင်ထိန်းချုပ်ရေး ဒေသန္တရရုံးများက ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၁ ရက်မှ ဇူလိုင်လ ၁၂ ရက်နေ့အတွင်း ဧရိယာ ၁၆၀၆၅၈ ဟက်တာတွင် ကျိုင်းကောင်နှိမ်နင်းမှုလုပ်ငန်းများကို အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းပြည်နယ် ၆ ခုနှင့် မဟာရတ္ထ၊ ချဟတ္တဂါနှင့်ဘီဟာပြည်နယ်များတွင် ဇူလိုင်လ ၁၂ ရက်အထိ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ကျိုင်းကောင်နှိမ်နင်းမှုအားဆောင်ရွက်ခဲ့ရာ ဧရိယာ ၁၃၆၇၈၁ ဟက်တာအား လွှမ်းခြုံမှုရှိကြောင်း၊ လက်ရှိကာလ၌ ရာဂျပ်စတန်၊ မဒရာပရာဒေ့ရှ်၊ ဂူဂျရတ်နှင့် ဥတာပရာဒေ့ရှ် ပြည်နယ် ၄ ခုတွင် ကျိုင်းကောင်ထိန်းချုပ်နှိမ်နင်းရေးအဖွဲ့ပေါင်း ၆၀ အား ဖွဲ့စည်းထားရှိပြီး ဆေးဖြန်းယာဉ်များနှင့် အခြားလိုအပ်သော ကိရိယာများ ဖြည့်ဆည်းလျက် နှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဗဟိုအစိုးရမှစေလွှတ်ထားသည့် ပိုးသတ်မှိုင်းတိုက်ကျွမ်းကျင်သူ ၂၀၀ ကျော်သည်လည်း အဆိုပါကျိုင်းကောင်နှိမ်နင်းမှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်လျက်ရှိကြောင်း၊ လိုအပ်ပါက အင်အားဖြည့်ဆည်းနိုင်ရန်အတွက် ပိုးသတ်ယာဉ် ၅၅ စီးကို ဝယ်ယူလျက် အရန်သင့်ထားရှိကြောင်း ဖော်ပြထားပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကျိုင်းကောင်ထိန်းချုပ်ရေး ဒေသန္တရရုံးများသည် ဇူလိုင်လ ၁၂-၁၃ ရက် အကူးအပြောင်းညပိုင်း၌ ရာဂျပ်စတန်ပြည်နယ်အတွင်း ခရိုင် ၇ ခုရှိ နေရာဒေသ ၂၆ ခုတွင် နှိမ်နင်းရှင်းလင်းရေးလုပ်ငန်းများကို တစ်ပြိုင်တည်းလုပ်ဆောင်ခဲ့ကြကြောင်း၊ အလားတူ ဥတာပရာဒေ့ရှ်နှင့်ဟာရီရာနာပြည်နယ်တို့ရှိ နေရာဒေသ ၇ ခုတွင် ပြန့်ကျဲလျက်ရှိသည့် ကျိုင်းကောင်အုပ်စုငယ်များအား ဇူလိုင် ၁၂ ရက်နေ့ည၌ ဗဟိုအစိုးရနှင့်သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၏ အစီအစဉ်ဖြင့် နှိမ်နင်းရှင်းလင်းမှု ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

ရာဂျပ်စတန်ပြည်နယ်အတွင်း ကန္တာရကျိုင်းကောင်အုပ်များအား ထိန်းချုပ်နှိမ်နင်းရာတွင် မြင့်မားသော သစ်ပင်ထိပ်ဖျားများနှင့် ပိုးသတ်ဆေးဖြန်းရန် ခက်ခဲမှုရှိသောနေရာများ၌ ကုမ္ပဏီ ၅ ခုမှ ဒရုန်းယာဉ်များအသုံးပြု၍ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ရာဂျပ်စတန်ပြည်နယ်ရှိ ပိုးမွှားကာကွယ်ထိန်းချုပ်ရေး ကန္တာရနယ်မြေအတွင်း Bell အမျိုးအစား ရဟတ်ယာဉ်ကို အသုံးပြုလျက် ပိုးသတ်ဆေးဖြန်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး အိန္ဒိယလေတပ်ကလည်း ကျိုင်းကောင်အုပ်စုများအခြေအနေစစ်ဆေးကြည့်ရှုမှုလုပ်ငန်းများ၌ ရဟတ်ယာဉ်များဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ရာဂျပ်စတန်၊ ဥတာပရာဒေ့ရှ်နှင့် ဟာရီရာနာပြည်နယ်တို့တွင် အရွယ်မရောက်သေးသော ပန်းရောင်ကျိုင်းကောင်အုပ်စုများနှင့် အရွယ်ရောက်ပြီးသော အဝါရောင်ကျိုင်းကောင် အုပ်စုများဝင်ရောက်မှုရှိကြောင်း၊ ရာဂျပ်စတန်ပြည်နယ်ရှိခရိုင်အချို့၌ သီးနှံစိုက်ခင်းအနည်းငယ် ထိခိုက်မှုရှိသည်မှအပ အခြားပြည်နယ်များတွင် စိုက်ခင်းများထိခိုက်ပျက်စီးသည်ဟု သတင်းပေးပို့မှု တစ်စုံတစ်ရာမျှမရှိကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က ၃.၇.၂၀၂၀ နေ့တွင် ဖော်ပြခဲ့သည့် ကန္တာရ ကျိုင်းကောင်အုပ်စုများ အခြေအနေအစီရင်ခံစာအရ နွေဦးရာသီ၌ပေါက်ဖွားသည့် ကျိုင်း ကောင်အုပ်စုများသည် မုတ်သုံရာသီမတိုင်မီကာလ၌ အိန္ဒိယ-ပါကစ္စတန်နယ်ခြားကို ဖြတ်ကျော်လျက် အိန္ဒိယနိုင်ငံအတွင်းဝင်ရောက်ခဲ့ကြောင်း၊ ထို့နောက် ၎င်းနယ်စပ်ဒေသ၏ အရှေ့ဘက်နှင့် မြောက်ဘက်ရှိ ပြည်နယ်များသို့ ဆက်လက်ပျံသန်းသွားလာခဲ့ကြောင်း၊ အချို့သော ကျိုင်းကောင်အုပ်စု အနည်းငယ်သည် နီပေါနိုင်ငံအထိ ရောက်ရှိခဲ့ကြောင်း၊ မုတ်သုံရာသီစတင်မှုနှင့်အတူ ၎င်းကျိုင်းကောင်အုပ်စုများသည် ရာဂျပ်စတန်ပြည်နယ်ဘက်သို့ ပြန်လည်ပြောင်းရွှေ့ပျံသန်းလျက် ဇူလိုင်လလယ်ပိုင်းခန့်တွင် အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့မှ တစ်ဆင့်ဝင်ရောက်လာမည့် အာဖရိကဦးချိုဒေသမှ ကျိုင်းကောင်အုပ်စုများနှင့် ပေါင်းစည်းဖွယ်ရာရှိကြောင်း၊ ထို့နောက် ပါကစ္စတန်နှင့် အိန္ဒိယနယ်ခြားရှိ ကန္တာရဒေသများ၌ ပြန်လည်ဥချပေါက်ဖွားလျက် ဩဂုတ်လလယ်ပိုင်းခန့်တွင် နွေရာသီ ကျိုင်းကောင်အုပ်စု၏ ပထမမျိုးဆက်အဖြစ် ပေါ်ပေါက်ဖွယ်ရာရှိကြောင်း သိရှိရပါသည်။

Source: 1. Locust control operations carried out in around 3 lakh hectares area, 14 Jul 2020, Press Information Bureau of India

2. Continuous action is being taken to control locust swarms, 11 Jul 2020, Press Information Bureau of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## စင်ကာပူအနေဖြင့် နှစ်နိုင်ငံအကြား ခရီးသွားလာခွင့်အတွက်သာမက အာဆီယံဒေသအကြား ခရီးသွားလာခွင့်အစီအစဉ်အတွက်ပါ တစ်ပြိုင်တည်း ဆွေးနွေးဆောင်ရွက်သွားလို

ကိုဗစ် ၁၉ ကာလအတွင်း အာဆီယံနိုင်ငံများအကြား သို့မဟုတ် ပိုမိုကျယ်ပြန့်သော ဒေသတွင်းနိုင်ငံများအကြား ခရီးသွားလာမှုအစီအစဉ် Green Lane သို့မဟုတ် Travel Bubble ကို ကာလတိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မဖြစ်နိုင်သော်လည်း လက်ရှိ နှစ်နိုင်ငံအကြားသဘောတူညီမှုရရှိရေး ဆောင်ရွက်ချက်များနှင့် တစ်ပြိုင်တည်းဆွေးနွေးမှု ပြုလုပ်သွားသင့်ကြောင်းနှင့် စင်ကာပူအနေဖြင့် ထိုသို့ဆောင်ရွက်သွားနိုင်ရန် ဆန္ဒရှိကြောင်း စင်ကာပူနိုင်ငံ၏ ကိုဗစ် ၁၉ ဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံလုပ်ငန်းအဖွဲ့က ပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံများတွင် ကိုဗစ် ၁၉ ရောဂါဖြစ်ပွားမှုအခြေအနေတို့မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားမှုရှိနေသည့်အတွက် Green Lane အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံအကြားဆွေးနွေးမှုများက ပိုမိုလွယ်ကူ၍ မြန်ဆန်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် လက်ရှိ မိမိတို့ဆောင်ရွက်နေသည့် မလေးရှားနိုင်ငံနှင့်ဆွေးနွေးမှုများမှာ တိုးတက်မှုရရှိလျက်ရှိပြီး၊ ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတစ်ခုနှင့်တစ်ခု ရောဂါဖြစ်ပွားမှုအခြေအနေမတူညီသည့်အတွက်ဆွေးနွေး၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့် အချိန်ကာလများမှာ တူညီနိုင်မည်မဟုတ်ကြောင်း၊ ဒေသတွင်းနိုင်ငံများသည် လုံခြုံစိတ်ချရသောအခြေအနေဖြင့် မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်သော သို့မဟုတ် စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ ခရီးသွားလာမှုများ ပြုလုပ်နိုင်ရန်အတွက် အာဆီယံအဆင့် သို့မဟုတ် ဒေသတွင်းအဆင့်အထိ နယ်စပ်ဖြတ်သန်းခရီးသွားလာခွင့်အစီအစဉ်ကို ဆောင်ရွက်သွားသင့်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး Mr Lawrence Wong က ပြောကြားခဲ့ပါသည်။

ဤသို့ ခရီးသွားလာမှုအစီအစဉ်အတွက် နှစ်နိုင်ငံအကြား ဆွေးနွေးမှုများမှ စံနမူနာ ယူနိုင်သောပုံစံများကို ရရှိလာပါက ဒေသတွင်းအဆင့်အထိ တိုးချဲ့သွားနိုင်ကြောင်းနှင့်နှစ်နိုင်ငံအကြား အကောင်အထည်ဖော်ဆောင်ရွက်မှုများမှာ ပို၍အဆင်ပြေ မြန်ဆန်မည်ဖြစ်သော်လည်း ဒေသတွင်းအဆင့်ဆွေးနွေးမှုများကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်သွားသင့်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး Mr Gan Kim က ပြောကြားပါသည်။

စင်ကာပူသည် တရုတ်နိုင်ငံရှိ စီရင်စု/မြူနီစီပယ် (၆) ခုနှင့် အရေးကြီးဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းပိုင်းဆိုင်ရာ အပြန်အလှန်ခရီးသွားလာခွင့်အစီအစဉ်ကို ဇွန်လ ၈ ရက် နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စင်ကာပူနှင့်မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်၍ လုပ်ငန်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံဝန်ကြီးချုပ်များက တယ်လီဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့ပြီးနောက် Green Lane နှင့် ပုံမှန်ဖြတ်သန်းသွားလာခွင့် အစီအစဉ်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန်လ ၂၇ ရက်နေ့တွင် သတင်းထုတ်ပြန်ထားပါသည်။

**Source: Ministry of Trade & Industry/ The Straits Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ဂျပန်ပြည်သူအများစုက စီးပွားရေးထက် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအပေါ် ပိုမိုအလေးပေးကြောင်း စစ်တမ်းအရသိရှိရ

ဂျပန်ပြည်သူများအားလုံး၏ ၇၀ % နီးပါးက အစိုးရအနေဖြင့် စီးပွားရေးထက် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအပေါ် ပိုမိုဦးစားပေးဆောင်ရွက်ရန်လိုလားနေကြောင်း NHK သတင်းဌာနမှ ကောက်ယူခဲ့သည့်စစ်တမ်းတွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

အဆိုပါစစ်တမ်းကို ဇူလိုင်လ ၁၁ရက်နေ့နှင့် ၁၂ ရက်နေ့ (ရုံးပိတ်ရက်များ)တွင် တယ်လီဖုန်း မှတဆင့် လူပေါင်း ၁၂၀၀ ကျော်ခန့်ကို ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ စစ်တမ်းအရ ကိုရိုနာကူးစက်ပြန့်ပွားမှု တားဆီးရေးလုပ်ငန်းစဉ်နှင့် စီးပွားရေးပိုင်းဆောင်ရွက်ချက်များအနက် မည်သည့်အချက်အပေါ် အစိုးရအနေဖြင့် ပိုပြီးဦးစားပေးသင့်သည်ဟူသည့် မေးခွန်းကို မေးမြန်းခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။ ရောဂါကူးစက်မှုတားဆီးရေးကိုသာ အလေးထားဆောင်ရွက်သင့်သည်ဟု ဖြေကြား

သူများ ၆၇ % နှင့် စီးပွားရေးပိုင်းဆောင်ရွက်ချက်များကိုသာ ဦးစားပေးသင့်သည်ဟု ဖြေကြားသူများ ၂၅ % ကျော်ရှိပါသည်။

ထို့အပြင် ကျူးရှူး၊ ဂီဖုနှင့်နာဂါနိုစီရင်စုဒေသများအပါအဝင် ဂျပန်နိုင်ငံ၏ ဒေသအတော်များများတွင် မိုးသည်းထန်မှုကြောင့် ရေကြီးခြင်း၊ ရေလျှံခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရမှုများနှင့်ပတ်သက်၍ ကိုရိုနာဗိုင်းရပ်စ်နှင့် ထိတွေ့မှုအန္တရာယ်အပေါ် မည်မျှစိုးရိမ်မှုရှိ/မရှိကို စစ်တမ်းကောက်ယူခဲ့ရာ စိုးရိမ်မှုရှိသူ ၈၂ % နှင့် လုံးဝမစိုးရိမ်သူ ၁၂ %ရှိကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (21.7.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 378 | 3,969,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,800 | 3,800 | 3,800 | 2,286 | 8,686,800 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 9 | 72,900 | 10,400,986 | 84,248 |
| FPB | 00004 | 21,500 | -500 | -2.27% | 22,000 | 22,000 | 21,500 | 64 | 1,407,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 45 | 123,750 | 12,823,224 | 35,264 |
| EFR | 00006 | 2,800 | +50 | +1.82% | 2,650 | 2,800 | 2,650 | 1,682 | 4,698,900 | 19,977,223 | 55,936 |


### Market summary

As of 21st Jul. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 444.38 | -1.46 | -0.33% | 443.19 | 444.38 | 443.19 | 4,464 | 18,958,850 | 6 | 661,212 |

**Index chart**



# Market Overview

As of 1:00 pm, 21st Jul. 2020

| MYANPIX | 444.38 ▼1.46 |
| --- | --- |
| Total Volume (shares) | 4,464 |
| Total Value (MMK) | 19 mil |
| Listed Company | 6 |
| Market Cap. (MMK) | 661,212 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 50 |

TIR